# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၃၂၇ /၂၀၂၂

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေ ပုဒ်မ ၂၁ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများအား ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုလက်မှတ်များထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုလက်မှတ်များ ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ နည်းဥပဒေ ၂ နည်းဥပဒေခွဲ (ခ) နှင့် (ဂ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"( ခ ) **လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကွန်ဗင်းရှင်း** ဆိုသည်မှာ ၁၉၇၈ ခုနှစ်၊ သင်္ဘောဝန်ထမ်းများ လေ့ကျင့်သင်တန်းပေးခြင်း၊ လက်မှတ်ထုတ်ပေးခြင်းနှင့် တာဝန်ထမ်းဆောင်ခြင်း တို့အတွက် စံနှုန်းသတ်မှတ်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့် ယင်း၏ ပြင်ဆင်ချက်များ (International Convention on Standards of Training, Certification and Watchkeeping for Seafarers, 1978, as amended)ကို ဆိုသည်။"

"( ဂ ) **လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကုဒ်** ဆိုသည်မှာ သင်္ဘောဝန်ထမ်းများ လေ့ကျင့်သင်တန်းပေးခြင်း၊ လက်မှတ်ထုတ်ပေးခြင်းနှင့် တာဝန်ထမ်းဆောင်ခြင်းတို့အတွက် စံနှုန်းသတ်မှတ်သည့်ကုဒ်နှင့် ယင်း၏ ပြင်ဆင်ချက်များ (Seafarers' Training, Certification and Watchkeeping Code, as amended) ကို ဆိုသည်။"

၃။ ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှု လက်မှတ်များ ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများတွင် ပါရှိသော "ပို့ဆောင်ရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "အပြည်ပြည်ဆိုင်ရာ ရေကြောင်းကွန်ဗင်းရှင်း" ဆိုသည့် စကားရပ်ကို "လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "အပြည်ပြည်ဆိုင်ရာ ရေကြောင်းဥပဒေ"

ဆိုသည့် စကားရပ်ကို "လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကုဒ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၄။ ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှု လက်မှတ်များထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ နည်းဥပဒေ ၇ နည်းဥပဒေခွဲ(င) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"( င ) သက်ဆိုင်ရာသင်္ဘောများတွင် တာဝန်ထမ်းဆောင်ခဲ့ကြောင်း ထောက်ခံချက်များကို တင်ပြရမည်။ ယင်းထောက်ခံချက်တွင် အထူးကိစ္စမှအပ သက်ဆိုင်ရာ ရေယာဉ်မှူး သို့မဟုတ် အင်ဂျင်နီယာမှူးက လက်မှတ်ရေးထိုးရမည်။"

၅။ ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှု လက်မှတ်များထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ နည်းဥပဒေ ၁၄ နည်းဥပဒေခွဲ(က)တွင် ပါရှိသော "သင်္ဘောတွင် တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ခြင်း၊ တာဝန်ထမ်းဆောင်စဉ် ကြီးလေးသည့် အကျင့်သိက္ခာပျက်ပြားခြင်း၊" ဆိုသည့် စကားရပ်ကို "သင်္ဘောတွင် တာဝန်ထမ်းဆောင်စဉ် သဘောတူစာချုပ်ပါအချက်များ ချိုးဖောက်ခြင်း၊ ကြီးလေးသည့် အကျင့်သိက္ခာ ပျက်ပြားခြင်း" ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၆။ ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုလက်မှတ်များထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ နည်းဥပဒေ ၁၇ ၏ ခေါင်းစီးနှင့် ပြဋ္ဌာန်းချက်ကို အောက်ပါအတိုင်းအစားထိုးရမည်-

**"ဖြေဆိုအောင်မြင်ရမည့် အချိန်ကာလ သတ်မှတ်ချက်**

၁၇။ ဦးစီးဌာနသည် ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲအတွက် ဖြေဆိုအောင်မြင်ရမည့် အချိန်ကာလ သတ်မှတ်နိုင်သည်။"

၇။ ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုလက်မှတ်များထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ နည်းဥပဒေ ၂၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၂။ ဦးစီးဌာနသည် ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှု လက်မှတ်များအတွက် လေ့ကျင့်သင်ကြားခြင်း၊ အကဲဖြတ်ခြင်း၊ စာမေးပွဲစစ်ဆေးခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းတို့ကို လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်းနှင့် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကုဒ်တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ရမည်။"

၈။ ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှု လက်မှတ်များ ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ နည်းဥပဒေ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၃။ ဦးစီးဌာနသည် ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှု လက်မှတ်များအတွက် သင်ရိုးညွှန်းတမ်းများကို လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကုဒ်ပါပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ရမည်။"

၉။ ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှု လက်မှတ်များ ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ နည်းဥပဒေ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၄။ ဦးစီးဌာနသည် ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုလက်မှတ်များအတွက် နှုတ်ဖြေစာမေးပွဲများ ဖြေဆိုရန် စာမေးပွဲ ဝင်ကြေးများ၊ ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုလက်မှတ် ထုတ်ပေးခြင်း၊ ထပ်ဆင့် ထောက်ခံချက် လက်မှတ်ထုတ်ပေးခြင်းနှင့် တတ်ကျွမ်းမှု လက်မှတ်ထုတ်ပေးခြင်း တို့အတွက် အခကြေးငွေများကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ သဘော တူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ရမည်။"

၁၀။ ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှု လက်မှတ်များ ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ နည်းဥပဒေ ၃၅ တွင်-

(က) နည်းဥပဒေခွဲ (က) နှင့် (ဂ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ရေယာဉ်မှူး၊ အရာရှိများနှင့် ရေဒီယိုဆက်သွယ်ရေးအရာရှိများသည် လေ့ကျင့်ခြင်း နှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ စည်းမျဉ်း ၅/၃ နှင့် အခန်း ၆ မှအပ အခြားအခန်းများပါ ပြဋ္ဌာန်းချက်များအရ ထုတ်ပေးထားသော သို့မဟုတ် အသိအမှတ်ပြုထားသော လက်မှတ်များကို သက်တမ်း တိုးမြှင့်နိုင်ရန် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ စည်းမျဉ်း ၁/၁၁ ၏ အပိုဒ် ၁ နှင့် အပိုဒ် ၂ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကိုက်ညီသူဖြစ်ရမည်။"

"(ဂ) ဆီ၊ ဓာတ်ငွေ့ရည်နှင့် ဓာတုရည်တင် သင်္ဘောများတွင် တာဝန်ထမ်းဆောင်မည့် ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများသည် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ စည်းမျဉ်း ၅/ ၁-၁ နှင့် ၅/၁-၂ တို့ပါ ပြဋ္ဌာန်းချက်များအရ ထုတ်ပေးထားသော သို့မဟုတ် အသိအမှတ် ပြုထားသော လက်မှတ်များကို သက်တမ်းတိုးမြှင့်နိုင်ရန် လေ့ကျင့်ခြင်းနှင့်

လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ စည်းမျဉ်း ၁/၁၁ ၏ အပိုဒ် ၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကိုက်ညီသူဖြစ်ရမည်။"

( ခ ) နည်းဥပဒေခွဲ (ဂ) ၏ နောက်တွင် နည်းဥပဒေခွဲ (ဃ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဃ) ဝင်ရိုးစွန်းဒေသရေပြင်များတွင် ခုတ်မောင်းသွားလာသော သင်္ဘောများတွင် တာဝန်ထမ်းဆောင်မည့် ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ သည် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ စည်းမျဉ်း ၅/၄ ပါ ပြဋ္ဌာန်းချက်များအရ ထုတ်ပေးထားသော သို့မဟုတ် အသိအမှတ် ပြုထားသော လက်မှတ်များကို သက်တမ်းတိုးမြှင့်နိုင်ရန် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ စည်းမျဉ်း ၁/၁၁ ၏ အပိုဒ် ၄ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကိုက်ညီသူဖြစ်ရမည်။"

၁၁။ ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှု လက်မှတ်များ ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ နည်းဥပဒေ ၄၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၁။ ဦးစီးဌာနသည် ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုလက်မှတ်များအတွက် လေ့ကျင့်သင်ကြားခြင်း၊ အကဲဖြတ်ခြင်း၊ စာမေးပွဲ စစ်ဆေးခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းများနှင့် စပ်လျဉ်း၍ လေ့ကျင့်ခြင်းနှင့် လက်မှတ် ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်းနှင့် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကုဒ်တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေကြောင်းဘက်ဆိုင်ရာ လမ်းညွှန်ချက်များ ထုတ်ပြန် သတ်မှတ်နိုင်သည်။"

ဗိုလ်ချုပ်ကြီးတင်အောင်စန်း
ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

စာအမှတ်၊ ပဆ-၂/ ရက (DMA) Law(၁၁/ ၁၀၀ )
ရက်စွဲ ၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

\\Maritime၂\dma\Security Committee\၁၀၈ Amend Noti (၁.၁၂.၂၀၂၁).docx

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
ဤဝန်ကြီးဌာနရှိ ဌာန၊ အဖွဲ့အစည်းများအားလုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်တမ်းအပိုင်း (၁) တွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

အမိန့်ကြော်ငြာစာ စာတွဲ

အမိန့်အရ

ဝင်းခန့်
အမြဲတမ်းအတွင်းဝန်